

စိတ်ကူးချိုချိုအဖွဲ့
mgyoe.com



# ဇေယျာလင်းလက်ရွေးစင်

မိုးဝေးရွေးချယ်သည်။

mgyoe.com


ဝေသျှာလင်းလက်ရွေးစင်
poem0019
1800.00 Ks

mgyoe.com

ဧယျာလင်းလက်ရွေးစင်၊ ဧယျာလင်း
မျက်နှာဖုံးပန်းချီ - ဘငွေကြည်၊ စာမျက်နှာ ၁၅၈ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁ ၈ ၀.၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# ဇေယျာလင်းလက်ရွေးစင်

## ဇေယျာလင်း

(မိုးဝေး ရွေးချယ်သည်)

ပထမအကြိမ်၊ ၂၀၁၆

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# ဇေယျာလင်းလက်ရွေးစင်

မိုးဝေး ရွေးချယ်သည်


၁။ လင်း ၁
၂။ ပြင်ပအသွင်အပြင်များကို တင်ပြရုံသက်သက် ၄
၃။ ဝမ်းနည်းဖွယ်ရာ စီးကရက်တွေ မသောက်ချင်ဘူး ၆
၄။ ၄၅ သန်းတန် ယုံကြည်မှု ၇
၅။ အာဖဂန်နစ္စတန် ၁၀
၆။ ကချေသည်နှင့် ရုပ်တုများ ၁၃
၇။ "ဟတ်(တ်)စီဂိုဗီးနား"တဲ့. . . .
နာမည်လေးကလှသလောက် ၁၅
၈။ ဒီမှာ မိချော ၁၉
၉။ ၁၅ မိနစ် အမြန် ၂၁
၁၀။ လွှမ်းမိုးမှုအပြီး တင်ကျန်ရစ်ခဲ့သောနုံးများ ၂၄
၁၁။ ဆေးလိပ်တစ်လိပ် ၂၆
၁၂။ ပြန်လာသူ ၂၈
၁၃။ ငါဟာတိတ်ဆိတ်မှု ၂၉
၁၄။ ငါးမန်းတစ်ကောင် မွေးဖွားခြင်း ၃၁
၁၅။ ပျော်ပျော်နေရွှေခဲဆီကစာ ၃၃
၁၆။ နွေရာသီရဲ့ ရာသီဦးငါးပွင့် ၃၅


mgyoe.com

mgyoe.com

၁၇။ အသက် (၈၆) နှစ်၊ ဦးလှိုင်ဝေ ၃၈
၁၈။ ရောင်စုံပလတ်စတစ် ခွေးခြေကလေးတွေနဲ့သူ ၄၀
၁၉။ ရေနံ ၄၂
၂၀။ အဝေးမှပို့စ်ကတ်တစ်စောင် ၄၄
၂၁။ ဆစ်လ်ဗီယာပလာ့(သ်)သို့မဟုတ် ပါရာနွိုက်မြို့ကလေး ၄၆
၂၂။ ကဗျာဆရာမောင်ချောနွယ်ကို ရှာဖွေနေတဲ့မေးခွန်း (၄၀) ၅၀
၂၃။ ကိုချောလာတယ် - ၂ ၅၄
၂၄။ ရော့ကီဖဲလားစင်တာက မိုးအတု ၅၆
၂၅။ ကျိုးတစ်ကောင်နောက် နောက်ယောင်ခံခြင်း ၅၉
၂၆။ တစ်ခါတလေမြစ်ဆုံ ၆၁
၂၇။ နေ့တိုင်းလွမ်းရှင့် ၆၃
၂၈။ နဂ္ဂတစ် ၆၄
၂၉။ သွားလေသူ ၆၅
၃၀။ မှော်ဆန်ဆန်မြို့ပြထုတ်လုပ်မှု #၂၁ ၆၇
၃၁။ ရှင်ဟာတော်တော်ကြောင်တာပဲ ၆၉
၃၂။ အခုမင်းငါ့ဆီပြန်လာရင် မင်းငါ့ကို ၇၁
၃၃။ အဖော်ဝေး ငှက်များပျံသန်းချိန်/မီဒီယာလေ့လာမှု ၇၃
၃၄။ တိုကျိုအမိုးပြား ၇၅
၃၅။ နှင်းဆီ ၇၇
၃၆။ ယနေ့ရနိုင်သော စူးစမ်းစစ်ဆေးမှုများ ၇၉
၃၇။ ဝေလငါး ၈၁
၃၈။ ရိုးရိုးအေးအေး ဒီနေ့ကလေး ၈၄
၃၉။ တငြိမ့်ငြိမ့်ဒွန်ဆီသို့ တစ်ခေါက် ၈၇
၄၀။ ကီလီမန်ဂျားရိုး ၉၄
၄၁။ လန်းဆန်းအမောပြေ ၉၇
၄၂။ အမျိုးသမီးမိတ်ဆွေတစ်ယောက်ကို သွားကြိုရန် ... ၁၀၂
၄၃။ ဗီနိုင်း ၁၀၉
၄၄။ ဘာလိုင်းကားမှမပြေးတဲ့လမ်းပေါ်မှာမှတ်တိုင်တစ်တိုင်လို ၁၁၂

mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၄၅။ | ငါ့လက်ကို ဆုပ်ကိုင်ပြီး ငါနဲ့အတူလိုက်ခဲ့ပါ | ၁၁၅ |
| ၄၆။ | နောက်ဆုံးဝိုင် | ၁၁၇ |
| ၄၇။ | ဂိုရန် | ၁၁၉ |
| ၄၈။ | ဒီထက်မပိုပါဘူး | ၁၂၀ |
| ၄၉။ | ရွှေသမင်ကြော့ကွင်းမှာ ငါ့ကိုငါမိ | ၁၂၃ |
| ၅၀။ | ဒီဗိုင်းမရှိတဲ့ ဒီဗိုင်းရဲ့ ဒီဗိုင်းဟာ ရောဂါပဲ | ၁၂၅ |
| ၅၁။ | ငါ့ကို ဘယ်သူမှ ကိုယ်စားမပြုဘူး | ၁၂၇ |
| ၅၂။ | ရော့ ဒီမှာ၊ ဘာမှ မလေးနက်တဲ့ စာသားတွေ | ၁၂၉ |
| ၅၃။ | အနီရောင်ပန်းသီးလေးလို စက္ကူဖြူဘဝလေး | ၁၃၁ |
| ၅၄။ | ယနေ့တရုတ်ပြည် | ၁၃၃ |
| ၅၅။ | အိုးမဲ့အိမ်မဲ့ စိတ်တစ်ခုလို | ၁၃၅ |
| ၅၆။ | ရေအေးအေးလေးတစ်ခွက်မှာ စကားလက်စုံ | ၁၃၇ |
| ၅၇။ | အချစ်များစွာဖြင့် . . . ဆဒ္ဒမ် | ၁၃၉ |
| ၅၈။ | ဗစ်ဂင်ရှတိုင်းန်နဲ့ သီသီလေးလွဲသွားတဲ့ ကိုအောင်ဝင်း | ၁၄၃ |
| ၅၉။ | ပို၍ကျွမ်းကျင်မှုရှိသော အဲလိယစ်တ်သို့ | ၁၄၅ |
| ၆၀။ | ကြက်ဘဲဈေးကို အုတ်နံရံ ကာလိုက်တယ် | ၁၅၀ |
| ၆၁။ | ငါဟာ မီးစွဲလောင်နေတဲ့ မီးသတ်ကား ဖြစ်တယ် | ၁၅၂ |
| ၆၂။ | စက်ရပ်သတင်း | ၁၅၅ |
| ၆၃။ | စိမ်းမြမြ မြက်ခင်းများပေါ်တွင် | ၁၅၇ |


❑

mgyoe.com

mgyoe.com

mgyoe.com

## လင်း

တူတုပုန်းတမ်း ကစားတုန်းက
ငါ့ကို ဘယ်သူမှ မရှာခဲ့ဘူး
သူတို့ရဲ့ရယ်သံမောသံ ရန်ဖြစ်သံတွေ
ငါ့ကို ဖြတ်သန်း သွားကြတယ်
"ဟေး. . . ငါဒီမှာ
ကွင်းလယ်မှာ မတ်တတ်ရပ်နေတယ်"
ငါ့လက်နှစ်ဖက်ကို ငှက်တစ်ကောင်လို
လှုပ်ခါလို့ငါဟာပျောက်ဆုံးခဲ့တယ်
လက်ဖက်ရည်ဆိုင် ထိုင်ရင်း စားပွဲထိုးတွေ
ငါ့ကို ကျော်ဖြတ်သွားကြတယ်
ငါ အော်ခေါ်နေတာ ဘယ်သူမှ
မကြားကြဘူး ငါ့ဘာသာစကား
လှိုဏ်ခေါင်းသံပဲ ထွက်နေသလား
ပင်လယ်လှိုင်းလုံးကြီးတွေ
ငါ့ကျောကိုရိုက် ငါ့ခေါင်းပေါ်
လိမ့်တက်သွားကြ ငါ့မျက်နှာရိုက်
ငါ့ပါးစပ်ထဲစီးဝင် နားရွက်ပေါက်ကထွက်

mgyoe.com

mgyoe.com


"ဟေး. . . ငါဒီမှာ ငါဒီမှာ"
ပါးစပ်ထဲ ဆားငန်ရည် အပြည့်
ဘာသာစကားအပြည့်
ဌာန်ကရိုဏ်းလည်းကျ
သဒ္ဒါစည်းလည်းမှန်
တစ်လုံး တစ်လုံး စီ အဓိပ္ပာယ်အပြည့်
ငါ ဒီလို အော်ပစ်လိုက်တော့တယ်

---------------------
--------------------
-------------------
-----------------

mgyoe.com

အားလုံးတိတ်ဆိတ်သွားတော့တယ်
မြူတွေ ပိတ်ဖုံးနေတဲ့ မြစ်ပေါ်မှာ
ပဲ့တင်လှော်ခတ်သံ တစ်ခုထဲ
ပကတိ အေးငြိမ်းမှု
ဝဏ္ဏာ တစ်လုံးစီ ပီသ
ဆံ့အမှုဟာ လှျာပေါ်က
လျှောသွားတယ်
သူတို့လှည့်ပတ်ရှာနေပြီ
ငါ့ လှျာနဲ့ငါ ငြိမ်ငြိမ်လေး . . . ။ ။

mgyoe.com

## ပြင်ပအသွင်အပြင်များကိုတင်ပြရုံသက်သက်

ခုတင်တစ်လုံး
သစ်သားခုတင်တစ်လုံး
သစ်သားနှစ်ယောက်အိပ် ခုတင်တစ်လုံး
နှစ်လက်မထူ မွေ့ရာ
စောင်နှစ်ထည် တစ်ထည်သပ်သပ်ရပ်ရပ် ခေါက်သိမ်း
တစ်ထည် ဖရိုဖရဲ ကစဥ့်ကလျား
ခေါင်းအုံးသုံးလုံး နှစ်လုံးဆင့် ညာဘက်
ဘယ်ဘက်မှာ တစ်လုံးတည်း အိပ်ရာ မပေါ်
ခြင်ထောင် အမိုးပေါ် ဘောသားတွေ ပစ်တင်ထား
လူယောက်ျားတစ်ယောက်
ခုတင်ပေါ် လှဲပြီး ဗလာစာအုပ်ထဲ
စာတွေရေးနေတယ်
ဘယ်ဘက်က ကွက်လပ်ကိုကြည့်လိုက်
စာတွေရေးလိုက် ကြည့်လိုက်
လမ်းမကြီးပေါ်က ဘတ်(စ)ကားသံတွေ

mgyoe.com

ကားဟွန်းသံတွေ အော်သံတွေ အိပ်ခန်းထဲ ဝင်ဝင်လာပြီး
ထွက်ထွက်သွားတယ်
ထမင်း ဟင်းချက်သံ အိုးခွက် ပန်းကန်ဆေးသံ
တိတ်ဆိတ်
အဲဒီ တိတ်ဆိတ်သံကို သူနားစွင့်နေတယ်
ဒီကဗျာထဲမှာ သူထည့်ရေးတယ်
သူ့ကိုသူ မပါတာ သူထည့်ရေးတယ် . . . ။ ။

mgyoe.com

mgyoe.com


## ဝမ်းနည်းဖွယ်ရာစီးကရက်တွေမသောက်ချင်ဘူး

တစ်ယောက်ဟာ တစ်ယောက်အတွက်
အချိန်ပိုင်းကစားစရာ
ကစားစရာနှစ်ယောက် ကစားတမ်းဆော့ကြတယ်
အလေးအနက်ကိစ္စတွေကို
ဖင်ခုထိုင်ပြီး ကစားကြတယ်
ကစားတမ်းက
ကစားစရာနှစ်ယောက်ကို
ပြန်ကစားတယ်
ပျော်စရာကြီးပါပဲလို့တော့
ဘာကမှ ယောင်လို့တောင် မပဟကြဘူး
ကြည့် သူကစားနေတယ်
ကြည့် သူမ ကစားနေတယ်
ကြည့် ကစားတမ်းကြီးကစားနေတယ် . . .။ ။

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

## ၄၅သန်းတန်ယုံကြည်မှု

ဘုရားသခင်ရဲ့ ကွန်မြူနစ်တိုင်းပြည်မှာ
လယ်သမားတွေ (   ) ခရစ်တော်ကို
ပြန်လည်တပ်ဆင်နေကြတယ်

လယ်သမားသုံးယောက် အကျီကျွတ်တွေနဲ့
လန်ကွတ်တီပဲပတ်ထားတဲ့ ခရစ်တော်

ရုပ်တုဟာ ဒူးညွတ်ကွေးပြီး တစ်ယောက်ကိုမှီ
တစ်ယောက်က ဘယ်ဘက်ပခုံးငုတ်ထဲ
ဘယ်ဘက်လက်တံကို လူလိုထိုးသွင်း

တတိယလူဟာ တိုက်အိုထဲက ထွက်လာတယ်
ခရစ်တော်ရဲ့ ညာဘက်လက်တစ်ဖက်လုံး
ပခုံးမှာ မြင့်မြတ်စွာထမ်းလို့

ယနေ့တရုတ်ပြည်တွင် ခရစ်ယာန်ဘာသာဝင်
၄၅ သန်းထက်မနည်း ရှိကြောင်း သတင်းထုတ်ပြန်
**Newsweek** မေ၊ ၁၆၊ ၂၀၁၄-

တိုင်းပြည်စီးပွားရေး ဦးမော့လာတာနဲ့အမျှ
ဒီအနောက်တိုင်း ဘုရားသခင်ဝါဒ
(ဥရောပကို ခြောက်လှန့်ခဲ့တဲ့ တစ္ဆေကြီး)
မြေအောက်ဝတ်ပြုကျောင်းတွေထဲက
နေ့အလင်းရောင်ထဲ စမ်းသပ်ထွက်ခွင့်ရ

mgyoe.com

mgyoe.com



Newsweek Magazine Cover က God & China ပုံတစ်ပုံပါတယ်။
ခရစ်တော်ရဲ့ရုပ်တုကို တရုတ်လယ်သမားတစ်ယောက်က သူ့ကိုယ်နဲ့
မှီထား၊ တစ်ယောက်က လက်တစ်ဖက်တပ်ဆင်၊ နောက်တစ်ယောက်က
တိုက်အိုထဲက အခြားလက်တစ်ဖက် သယ်ထမ်းလာ။
ယောကျ်ား ၃ ယောက်စလုံး အကျီချွတ်နဲ့၊
ခရစ်တော်လည်း လန်ကွတ်တီနဲ့
အဲဒီအကြောင်း ကဗျာရေးချင်တယ်
ဘယ်လိုရှုထောင့်က ရေးမလဲ

(၁) ဘုရားကို လူကလုပ်တယ်
(၂) ခရစ်တော်ရုပ်တုကို လူတွေပြန်တပ်ဆင်
(၃) ကွန်မြူနစ်တိုင်းပြည်မှာ ခရစ်တော်ကို ကိုးကွယ်
(၄) လူသားနဲ့ ဘာသာရေးယုံကြည်မှု

အဲဒီလိုရေးရင်

(၁) မိမိခံစားချက် ဖော်ထုတ်တာမဟုတ်
(၂) လူနဲ့ပတ်သက်တဲ့ အတွေးတစ်ခုကိုရေးတာ
(၃) မြန်မာပြည်အကြောင်း၊ ဟိုဟာအကြောင်းမဟုတ်
'အာဖဂန်နစ္စတန်' ကဗျာလို

ဒါပေမဲ့

(၁) သူချည်းပဲ တစ်ပုဒ်လုံးရေးမလား
(၂) ဘယ်လို Form နဲ့ရေးမလဲ၊

ဘုရားသခင်ရဲ့ ကွန်မြူနစ်တိုင်းပြည်မှာ
ခရစ်တော်ကို လယ်သမားတွေ ပြန်တပ်ဆင်နေကြတယ်။

mgyoe.com

mgyoe.com

ရာစုနှစ်များစွာ သွေးစွန်းဆူးခက်သရဖူနဲ့
ဘုရားဝိညာဉ်ပူးသားတော်ဟာ လူဖြစ်မှုဝေဒနာနဲ့
ဦးခေါင်းညာဘက် လည်လိပ်ဇက်ကျိုးလို့
အလုပ်ကြမ်းနဲ့ ပညာပေးစခန်းကများ
ပြန်ရောက်ရှိလာသလား အောက်မေ့ရ
(အောက်မေ့ဖွယ်ခန်းမမှာ)
လက်ဝါးကပ်တိုင်ပေါ် ပြန်တင်ဖို့)

သိုးမည်းတွေရှာဖွေဖို့
ဝိညာဉ်တွေကယ်တင်ဖို့
ဘုရားသခင်ရဲ့ အာဏာနဲ့
နှုတ်ထွက်စကား ကမ္ဘာအနှံ့ဖြန့်ဖို့

အဖဘုရားသခင်
ယုံကြည်သူများရဲ့ ကယ်တင်ရှင်
တနင်္ဂနွေဟာ အရှင့်အတွက်
ကျန်ခြောက်ရက်ဟာ ပြည်သူနဲ့ ပါတီအတွက်
ဘုရားသခင်ရဲ့ လက်ဝါးကပ်တိုင်းပြည်
ရှေ့ဆက်လှမ်းကြ ခရစ်ယာန်စစ်သည်
ပြည်သူ့တရုတ်ပြည်ရဲ့ ပစ္စည်းမဲ့ရောင်နီ။ ။

၁၁-ဇွန်လ-၂၀၀၅

mgyoe.com

mgyoe.com

## အာဗဂန်နစ္စတန်

ဝတ်ပြုချိန်ဟာ လူမရွေးဘူး
ဗလီထဲနေရာမဆံ့တော့လို့
လမ်းပေါ်ဆင်းဝတ်ပြုကြတယ်
အို. . . စင်ကြယ်မှုကို ယုံကြည်သော

တံစဉ်ကောက်ကောက်
နှာခေါင်းကောက်ကောက်တွေနဲ့
တစ်ပြားတည်း နေရောင်အောက်မှာ
ဂျုံခင်းတွေကို ရာဇာဝင်လို
ရိတ်သိမ်းကြတယ်
တောင်တန်းတွေရဲ့ ဟိုဘက်မှာ

မိုးခြိမ်းသံထွက်ပြေးတဲ့
အမြောက်သံ ပေါက်ကွဲသံတွေ
လမ်းဘေးဆံသဆိုင်မှာ
ဆံပင်တွေညှပ်ကြ
မုတ်ဆိတ်တွေသကြ

mgyoe.com

စစ်ဝင်ခိုနေတဲ့
ဆေးရုံအိုမှာ
အနာဂတ်ပါ ပြတ်လပ်နေတဲ့
ခြေပြတ်လက်ပြတ်တွေ
ကြောက်မက်ဖွယ်ရာထဲ
ရုပ်ကြွင်းဖြစ်သွားကြတဲ့
ကာလစားကလေးတွေ

မရှိတဲ့ ထိုးဆေးထဲမှာ
ယုံကြည်ချက်မရှိ
မရှိတဲ့သောက်ဆေးထဲမှာ
မျှော်လင့်ချက်မရှိ
ပိုလို့တောင်မရှိတဲ့'ဒရစ်'ပိုက်ထဲမှာ
အမှန်တရား ပိုလို့တောင်မရှိ

ဟော. . . ဟိုဘက်မှာခုတင်က
တစ်ယောက်လည်း အလားတူ
စစ်က သူ့ကို အပြီးအပိုင်
ပြေငြိမ်းခွင့်ပေးလိုက်ပြီ

mgyoe.com

mgyoe.com

ဘဝက ပြောတယ်
ကြိုက်စျေးရရင်
စစ်ပွဲတစ်ပွဲ ရောင်းရန်ရှိတယ်

ကန်တော့ပါရဲ့
အိမ်ရှင်တွေ စစ်သွားတိုက်နေကြတယ်
အလောင်းတွေ ပေါပေါလောလော
မျောခဲ့တဲ့ မြစ်ထဲမှာ
ချာတိတ်တွေ ရေဆင်းကူးကြတယ်

ရေထဲမြုပ်နေတဲ့
တင့်ကားခေါင်မိုးပေါ်ကနေ
ဒိုင်ဗင်ထိုးဆင်းကြတယ်
ရယ်မောသံကလွဲလို့
ဆေးကြောလို့ မရတော့တဲ့
စီးဆင်းခြင်း. . . . . ။ ။

ချယ်ရီမဂ္ဂဇင်း

mgyoe.com

## ကဗျာသည်နှင့်ရုပ်တုများ

ရှုမျှော်ခင်းကိုကြည့်ပြီး
သဲကန္တာရကို စိတ်ကူးကြည့်ပါ
ခင်ဗျားမြင်နေတာဟာ ခင်ဗျားစိတ်ရဲ့ရာသီပေါ့
ကျိုးပျက်လွယ်တဲ့ အဆက်အစပ်တွေ
ခံစားမှုတွေ တိုက်ဆိုင်မှုတွေ နေရာတွေ
တကြွေတည်း ကြွေနေတဲ့ နှုတ်ဆိတ်မြေ

ကင်မရာဟာ လျှို့ဝှက်မှုကနေ
တဏှာစိတ်ဆွ အရာဝတ္ထုတွေကို
တံတွေးတမျိုမျို ရိုက်သွင်းနေတယ်
အတိတ်မေ့ရောဂါရနေပြီ ဆိုတာကို
ပိုပိုသိသိလာကြရတယ်

ကော်ပတ်ရုပ်ရဲ့ အသည်းကွဲခန်း
ပွဲကြည့်ပရိသတ်ရင်ထဲဟိန်းသွားတယ်
ဝင်ပေါက်နဲ့ ထွက်ပေါက်တို့
ပိတ်ဆို့နေတာက
ပါးစပ်ပေါက်ထဲ ပိတ်မိနေတဲ့
အမှတ်ရမှုလို့ အချို့မျက်စိမျက်နှာ
ပျင်းရိနေတဲ့ အိမ်ရှင်မလေးဆိုပါစို့

mgyoe.com

mgyoe.com


TV ထဲဝင်လိုက် ထွက်လိုက်
ယောက်ျားဖြစ်လိုက် မိန်းမဖြစ်လိုက်
ကြော်ငြာတွေ ဝဝလင်လင်စားသုံး
သူ့ပေါင်ကြားသူမှန်ထောင်ကြည့်တယ်
မှန်ထဲမှာ သူမဖတ်တတ်တဲ့ ဝါကျအချို့

ရာသီဥတုဟာ ပေးအပ်တဲ့တာဝန်အတိုင်း
နိုင်လိုမင်းထက် မျက်လုံးမှန်ကို
ခုတ်ထစ်ပိုင်းကြိတ်ထားတဲ့
စကားလုံးစတွေနဲ့ တရကြမ်း
ပစ်ပစ်ပေါက်တယ်
လိင်တူဆက်ဆံတဲ့နေ့တွေပါပဲ
ပြောသူနှစ်ယောက်ကြားက
တတိယနယ်ပယ်မှာ
အရာရာဖြစ်သွားတယ်
ဒါမှမဟုတ်လည်းဖြစ်သွားတယ်
ဘာမှ မဟုတ်တာ
ဒါမှ မဟုတ်တာ
သဒ္ဒါမရှိတဲ့စကားတွေ
စကားမရှိတဲ့သဒ္ဒါတွေ
လိုက်ကြ လိုက်ကြ
သူ့ကိုမိအောင်ဖမ်း
ပေးမလွတ်စေနဲ့
နောက်မှာလက်သည်းကွင်းတွေလိုက်လာပြီ။ ။

mgyoe.com

mgyoe.com

# "ဟတ်(တ်)စိဂိုပိုးနား"တဲ့.... နာမည်လေးကလှသလောက်

အသုံးမဝင်တော့တဲ့သတင်း
တရားဝင်မှတ်ပုံတင်လည်းရှိပုံမပေါ်
သူ့လူကိုယ်ဘက်သား ကျွန်တော်တို့
ထဲမှာလည်း အရှင်ရှိတယ်
မှန်ထဲမှာ အမှတ်တမဲ့ ပြန်မကြည့်နဲ့ . . . မိတ်ဆွေ။

လ ဟာ ကြေးစားလူသတ်သမား။
အကျွမ်းဝင်ဆုံးလက်နက်ဟာ
အိပ်စက်စေခြင်း။
အိပ်မက်တွေနှိုက်လိုက်တာ
ပညာသားပါလွန်းတယ်
အလိုတူ အလိုပါလို့တောင်ထင်မိ။

တစ်စက်ရုံထွက် ကွာခြားမှုတွေပဲ။
ဆပ်ပြာမှုန့် ရွေးဝယ်သလို
"မိမိကိုယ် မိမိသိပါ"
ဒါဟာ သူ့ရဲ့စိတ်တွင်း ဒိုင်ယာလော့(ဂ်)
သူဘယ်သူမှ အသိမပေးတဲ့ လဲလှယ်ခြင်း
တစ်ယောက်ယောက်ဟာ စိတ်မနှံ့အမြဲဖြစ်နေတယ်
မင်းကိုတွေ့ရမှာ ငါသေမလောက်ကြောက်တယ်
သေဆုံးရုံမက သင်္ဂြိုဟ်ပြီးသူဟာ မင်းလား
ငါလား။

mgyoe.com

အချင်းချင်းပဲ ဥစ္စာ။
အပစ်အခတ်ရပ်စဲတုန်း
ငါတို့ဟာ ကိုယ်ကျင့်တရားတောင်ထိပ်မှာ
သုံ့ပန်းမယူကြေး ကတုတ်ကျင်းတူးလို့
ဟိုးအောက်က လှုပ်လှုပ်လှုပ်လှုပ်နေတာတွေ
ငါတို့ရဲ့ ပစ်ကွင်းထဲရောက်လာတယ်။

နည်းနည်းပါးပါးပေါ့ လူရှိသေရှင်ရှိသေလောက်ပေါ့
ရဲခနဲ ရဲခနဲ
မြေမည်းနည်းမှာ ပန်းနီရဲတွေပွင့်သွားကြတယ်။

မျက်နှာဖုံးစွပ်သေနတ်သမားကို
ဟိုသတင်းစာကလာဗျူးနေပြန်ပြီ။
စိတ်ပေါက်ပေါက်နဲ့ ပစ်သာပစ်လိုက်ရလို့
ကဲကွာ ဒါပဲကွာ ကဲကွာ။
ဒါပေမဲ့ မေတ္တာရှင်လို ပြုံးလို့
အတွေးအခေါ်ရှင်လို သူ့မျက်လုံးတွေ
လေးနက်လို့၊ အသံတွေဘာတွေအက်လို့။
လူသေအမြောက်အမြားမြှုပ်နှံထားတဲ့
လျှို့ဝှက်သေတွင်း
(သူကလည်းသတင်းဖြစ်ချင်သေး)
မြစ်ကမ်းပါးကနေ မြစ်ထဲပြိုကျတာ
ကံဆိုးတာပဲပြောရမလား
စာရွက်ပေါ်စကားလုံးတွေ
စိတ်ထဲအတွေးတွေ ကြဲချလိုက်သလို
ရွာကလေး မြေပုံပေါ်က ပျောက်သွားတယ်။

mgyoe.com

ဖုံးဖိဖို့တောင် မကြိုးစားတော့ပါဘူး
သက်သေဟာ ကိုယ့်ဘက်ပါပြီပဲ။
ဒင်း. . . ဘာတတ်နိုင်မှာတုံး
အပြစ်ရှိတာချင်းအတူတူ နာကျင်ရတာချင်းအတူတူ
အလောင်းတွေကို အိမ်တိုင်ရာရောက်
ပြန်မပို့ခင် ဆေးကြောသန့်စင်
ပိုးသတ်ဆေးဖျန်း မိတ်ကပ်လူး
(၇)ရက်သားသမီး အမည်လှလှလေးတွေ
ရုပ်ကြည့်ပြီး ပေးလိုက်တယ်။

ဟော့ ငါတို့ကို
လူမဆန်ဘူးလို့
ဘယ်သူပြောရဲသလဲ။

တစ်ဘက်က စွပ်စွဲတာတွေတစ်ခုမှ
မခိုင်မာခဲ့ဘူး၊ အဖြစ်မှန်ကို
အခန်းကျဉ်းလေးထဲက
အကြွမ်းဖျင်း ညှစ်ယူလာခဲ့ပြီ။

ချွေးတပ်စခန်းမှာ သေလိုက်ကြတဲ့
ယောက်ျားတွေ မိန်းမတွေ ကလေးတွေ
ဒီနေရာမှာ နေ့လယ်စာစား
နားကြတယ်
မိုးရာသီအပြီးမြေကြီးထဲက
ပြန်ပေါ်လာတတ်တဲ့ ဦးခွံရိုးတွေ
ခရီးသည်တွေ လိုက်ကောက်ကြတယ်

mgyoe.com

mgyoe.com

'အမှတ်တရပစ္စည်း'၊ 'အိမ်ပြန်လက်ဆောင်'။
အရိုးခေါင်းရဲ့ မျက်လုံးပေါက်တွေက
ရိုးတံသွယ်သွယ်လေးနဲ့
(ငါတို့အထက်တန်းကျောင်းတုန်းက
ကြိတ်ပိုးခဲ့ကြတဲ့
ဟို ပိုးဟတ်ဖြူမလေးနဲ့ . . . . . )
ပွင့်လာကြတဲ့ ပန်းဝါတွေ
ငါတစ်ပွေ့တစ်ပိုက်ကြီး ခူးခဲ့မယ်။

မင်းလေးရဲ့
ဆံကေသာ ကြော့ကြော့မှာ
(ငါ ထွက်ခဲ့တာ ကြာသာကြာပြီး
ငါအခုထိ မရောက်သေးတဲ့)
ငရဲပန်းလေးတစ်ပွင့်ပန်ဖို့ ။ ။

ဠွန်၊ ၂၀၀၂

mgyoe.com

mgyoe.com

## ဒီမှာမိချော

ညည်း ဒီစာရိုက်နေတဲ့အချိန်မှာ
ညည်း ဘာရိုက်ရမလဲ ညည်းသိလား
ငွေကြေးနဲ့ လဲလှယ်ရတဲ့ စကားလုံးတိုင်းဟာ
မင်းလက်ချောင်းတွေ
ဒီမှာမိချော
မင်းလက်ချောင်းနဲ့ မင်းဦးနှောက် ဘယ်လောက်
ဖြတ်တောက်ထားပြီလဲ
ဘာပဲလာလာ ရိုက်ရိုက်ရိုက်
ဘာပဲပေးပေး ရိုက်ရိုက်ရိုက်
ဒီမှာမိချော
မင့် ကီးဘုတ်ဟာ မင့်ထမင်း
မင့်ကိုယ်မင်း လက်ချောင်းနဲ့အသက်ရှင်တယ်
မင်းရိုက်နေတာ မင်းရိုက်နေတာပဲ
ဟဲ့.....ပလုတ်တုတ်၊ အဲဒါဘာစာသားကြီးလဲ
မင့်လက်ချောင်းတွေ ရုတ်တရက် ရွံ့
ပြီး ဆက်ရိုက်ပစ်လိုက်တယ်
အဲဒါငါနဲ့မဆိုင်

mgyoe.com

mgyoe.com

ငါ့အလုပ်က ရိုက်ဖို့ပဲ
ဟဲ့. . . မိချော
မင်းရိုက်နေတာ မှန်ရဲ့လား
ဟဲ့ . . . မိချော မင်းအာရုံမများနဲ့
ဟဲ့ . . . မိချော
မင်းရိုက်စရာရှိတာရိုက်
ရိုက်သွင်းသမျှ ဗိုက်တွင်းက အစားအစာဖြစ်စေတယ်
ဟဲ့ . . . မိချော
မင်းရိုက်နေတာ
သိစရာမလိုဘူး
ဗျည်းနဲ့သရ မင်းတွဲတတ်ရင်
မင်းမှာ တာဝန်ကျေပွန်တယ်
ဟဲ့ . . . မိချော
တစ်နေ့ ဒါပြီး၊ ညစာစားပြီး၊ အိပ်ရာဝင်ပြီး
မင်းတစ်နေ့လုံး ရိုက်ခဲ့တာတွေ
စေတမန်လို စကားလုံးတွေ
မင်း ဝါးချေလို့ ကြေမလား
ဒီမှာမိချော
စုန်ဆန်စီးမျောစကားလုံးတွေထဲမှာ
မင့် တစ်နေ့တာ
ကျန်းခန့်သာလို့မာပါစ
မင့် အိပ်မက်မှာ လာပါစ။ ။

၁၇၊ ၄န်၊ ၀၄
မြူတီမဂ္ဂဇင်း၊ ၂၀၀၄

mgyoe.com

## ၁၅မိနစ်အမြန်

အသုံးမဝင်တော့ပေမဲ့ တန်ဖိုးတွေမှာ ရာဇဝင်တွေစွန်းထင်း
ဒီကနေ ငုံ့ကြည့်ရင် ဟိုး ကြမ်းပြင်မှာ ကန့်လန့်ဖြတ်ပြေး
နေကြတဲ့ ရာဇဝင်တွေ
ဒီကနေ့ဟာလည်း မှိတ်တုတ် မှိတ်တုတ်အလင်းတန်ဖိုးတွေနဲ့
အတူနေဝင် ဖေး၄၅

'နေဟာ ဘယ်ကလာပြီး ဘယ်ကိုထွက်သွားတာလဲ' မေးရင်
ကျွန်တော်တို့ဟာ ဖေး၄၆
တကယ့်ကို အံ့ဩဖွယ်ရာပါပဲ တစ်ခုမဟုတ် တစ်ခုထဲ
မေးခွန်းသွင်းကြည့်ရတာ
ရေနစ်သေသူ မျက်လုံးထဲက ရေအောက်ကမ္ဘာနက်
တွေ့ရသလို ဖေး၄၇

သမုဒ္ဒရာရဲ့ အဆုံးသတ်မျဉ်းဟာလည်း ဘာမှအရေးမပါဘူး
ကြည့်ရတာ
ကောင်းကင်မှာ လေယာဉ်ပျံနှစ်စီး၊ သုံးစီး၊ အဲဒီမှာ
လူပုပုတုကွေးလေးတွေ

mgyoe.com

mgyoe.com

ပွဲကျနေတာမဟုတ်ရင် ပဲ့ကျနေကြတယ်(ဝဆွဲနဲ့ အောက်ကမြင့်ဟာ
အရွယ်အစားကိစ္စတစ်ခုပါပဲ) အဲဒါ သူသိလိုက်တာမှာ တတိတိပဲ

၁၉ ရာစု ပြင်သစ်ဘူဇွာဝတ္ထုတစ်ပုဒ်ကို ၂၁ ရာစုဘောဂဗေဒ
ဘာသာရပ်မှာ
မဖတ်မနေရ ပြဋ္ဌာန်းထားရတဲ့ အကြောင်းရင်းကအစ
ဖော်မရတဲ့ အဖြစ်တွေထဲမှာ သူအခုရောက်ရှိနေတဲ့ အနေအထား
အဆုံး၊ ဒီအသိရဲ့ အသုံးဝင်မှုကို သက်သေပြစရာ မည်မည်ရရမရှိ
'ဒီနေရာမှာ ပေါက်ဖွားခဲ့ကြတာပဲပေါ့'၊ ဥပဒေသနဲ့ လက်တစ်လုံးခြား
လှည့်စားမှုတွေ၊ သံသယလက်မှတ်နဲ့ အကြီးစားရင်းနှီး ဖ:၄၈
မြှုပ်နှံမှုတွေ၊ ပြန်ပေါက်ဖို့ ငြင်းဆန်တဲ့ တောပြုန်းသစ်ပင်ကြီးတွေ၊
ကိုယ်ကျင့်တရား စံနှုန်းချင်းမကိုက်ညီလို့ လက်ဦးမှု စစ်ပွဲတွေ ဖ:၄၉

သင် အခုရောက်နေတဲ့ အနေအထားပြန်သုံးသပ်ဖို့ အဆင်သင့်
ဖြစ်ရင်
ကုန်းအတက်မှာ ကုန်အပြည့်လှည်းတွေ ကုန်းတက်ရသလို ရသမျိုး
အဘိဓာန် သံလမ်းချော်ပြီး စကားလုံးတွဲတွေ တိမ်းမှောက်သွားတဲ့
သတင်း(မျိုး/ဆိုး)
ဒီကနေ ငုံ့ကြည့်ရင် ဝဆွဲနဲ့အောက်ကမြင့်ဟာ မည်မည်ရရ ဘာမှရှိ
မရှိ
အနီးကပ်ရိုက်ချက်---'အရှိတရား'ကို 'ကဗျာအနေအထား'မှန်ကန်ဖို့
မဖြတ်တောက်ပေးနိုင်ဘူးဆိုပေမဲ့ အရိပ်တွေဟာ မသဲကွဲတော့ ဖ:၄၉
'ပုံတူကူးခြင်း' အခြေခံမှုရဲ့မူကွဲတွေကို လိုက်တိုက်စစ်ဆေးနေသတဲ့
အဲသလိုနဲ့ ကဗျာတွေဟာ သူတို့ကိုယ်သူတို့ ပုံပြောင်းလိုက်ကြရ ဖ:၅၀
သင်၏ ယခုရောက်ရှိနေသော အနေအထားရဲ့ ပုံတူကားချပ် ဖ:၅၁

mgyoe.com

သင်နှင့်---ဖြေး၅၂
အဲသလောက် မလေးနက်တဲ့အရာတွေကို အဲဒါထက် လေးလံအောင် ဖြေး၅၃
မလုပ်ပါနဲ့---သင်၏ ယခုရောက်ရှိနေသော အနေအထား ဖြေး၅၄
ဟာနေတဲ့ အရွယ်အစားကိစ္စ ပါပဲလို့ ဆိုလာရင် ဖြေး၅၅
စီစဉ်စရာ ရှိတာတွေ သင် အဆင်သင့် စီစဉ်ထားပါလေ ဖြေး၅၆
သင့်ခရီးစဉ် သင်ကိုယ်တိုင်ရေးဆွဲမလား၊ လက်မှတ် ဖြေး၅၇
ထိုးပေး ဖြေး၅၈ မလား ပြော ဖြေး၅၉
တန်ဖိုးတွေအကြောင်း သင်ပြင်ပြောစရာရှိပါသလား။ ။

၈၊ ဖေဖော်ဝါရီ ၀၅

ရုပ်ရှင်သစ္စာမဂ္ဂဇင်း၊ ၂၀၀၅၊ မေလ

mgyoe.com

mgyoe.com

## လွှမ်းမိုးမှုအပြီးတင်ကျန်ရစ်ခဲ့သောနံ့များ

အစတွင် မကြိုက်လှသော်လည်း တစ်စတစ်စခင်တွယ်သွားသည်
သူကဆံပင်ကိုအရှည်ထားလိုသည်
ဖားလောင်းအဖြစ်မှ
ဖားသို့
တဖြည်းဖြည်းကင်းကွာသည်
ရှင်သန်မာန်ဖီသည်
အကြိတ်
အဖု၊ အသားပို ကျိုးပေါင်း
ရှင်သန်ပေါက်ရောက်မှု
တစ်စုံတစ်ရာကိုတူးဆွသည်
သားလောင်းအဆင့်ပိုးကောင်
ထွားလာ၍မတော်တော့
ပို၍မှောင်လာသည်
ကြီးကောင်နာအရွယ်ရောက်လာသည်
အထွားမြန်၍ခံစားရလေ့ရှိသော
မုတ်ဆိတ်မွေးပြောင်းထားသည်
ဒီအင်္ကျီဟာမတော်တော့ဘူး
အကြောအခြင် နာကျင်နေခြင်း
ကန့်သတ်ဖို့မဟုတ် ဖြန့် ကြက် ဖို့
မနာလိုဝန်တို
နှမြောတွန့်တို
အတက်အနှေးမြန်သောအပင်

mgyoe.com

မိုးသားမည်းမည်း
အောက်မှာ
ပေါက်ဖွားကြရတယ်။ ။

၁၂ ဖေဖော်ဝါရီ၊ ၂၀၀၄
ချယ်ရီမဂ္ဂဇင်း၊ ၂၀၀၄
(မြန်မာစာအဖွဲ့ ဦးစီးဌာနထုတ် အင်္ဂလိပ် - မြန်မာအဘိဓာန်
**English-Myanmar Dictionary**
စာမျက်နှာ (၆၁၇) (617) ကို ရည်ညွှန်းပါသည်)


mgyoe.com

## ဆေးလိပ်တစ်လိပ်

စိတ်ဓာတ်ဟာပျော့ညံ့တယ် . . . ပြီး မာကျောတယ်
အဆက်မပြတ်ထွက်နေတဲ့ မီးခိုးငွေ့ထဲမှာ
သူ့ကိုကျွန်တော်တို့လေ့လာကြည့်ကြတယ်
သူရှိနေတဲ့နေရာကလွဲလို့ သူဟာအမြဲအခြားမှာ
သူ့အကောင်အထည်ဟာသူ့လည်ချောင်းပဲ
အဲဒီခြောက်ကပ်မှုထဲမှာ သူနေပျော်နေတတ်တယ်။
လည်ချောင်းဆိုတဲ့အရာမှာ အရိုးရှိတယ်ကြွက်သားရှိတယ်
ထုတ်မပြောတဲ့အာသာဆန္ဒတွေ လိုအင်တွေရှိတယ်
အကြောက်တရား ဘယ်နားမှာဆိုတာလည်းသိတယ်နော်
သူ့ပါးစပ်ထဲမှာ သွားတွေကျန်သေးလား
သူ့လှုပ်ရှားမှုသက်တမ်းကို သူ့ရှင်သန်မှုသက်တမ်းနဲ့
ကျွန်တော်တို့တိုင်းထွာချက်တွေပြန်စစ်ဖို့လိုသေးလား
သူ့ကိုကျွန်တော်တို့မြင်တယ်
ရယ်ကျဲကျဲမဟုတ်ရင်ရေကျဲကျဲ(ဒုတိယကများပါတယ်)
သူ့ရက်တွေသူရေတွက်ဖို့ သူ့လက်ချောင်းတွေလောက်ရဲ့လား
'သူ့အဆုတ်ဟာ သူ့လည်ချောင်းဖြစ်ပြီး
သူ့ခွဲဟာသူ့အသည်းပေါ့'(ပြောပုံကိုက)
ရိုက်သွင်းပစ်လိုက်တာအမှားဘယ်နှပေါင်ထဲက
အမှန်ဘယ်နှပိဿာလဲ (ဘယ်နှယူနစ်ထိ တိကျလဲ)
ရွေးချယ်ခွင့်ရှိသေးရင် ဒီအတိုင်းပဲ သူထပ်ရွေးချယ်မလား

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com


ကျွန်တော်တို့ဝိုင်းဝန်းရေပေးကြရအောင်
ဆယ်လေးတစ်လေး ဆေးလိပ်ဘယ်နှဖွာ
တစ်ကိုယ်လုံးစွဲနေတဲ့အနံ့စူးစူးမဟုတ်ဘူး
အနံ့စွဲနေတဲ့ တစ်ကိုယ်လုံးစူးစူး
သူနေထိုင်မှုဟာဒီနေ့အထိအနံ့မပြောင်း
နေ့မြင်ညပျောက်လိုဆိုရိုးစကားထဲမှာ
သူဟာအေးဆေးပဲ ဆေးလိပ်တိုလေးရှိုက်ဖွာ
သူမနက်ဖြန်ဟာသူ့ကိုချည်ပြီးတုပ်ပြီးသား
ဒါတော့ကျွန်တော်တို့ သံသယကင်းကင်းပြောရဲတယ်
(ကျွန်တော်တို့ရဲ့ အထူးပြုလုပ်ချက်လည်း မကင်းဘူးပေါ့ဗျာ)
ဖင်စီခံကိုပြာခံခွက်ထဲချေလိုက်ပုံဟာ
သူ့စိတ်နဲ့သူ့ကိုယ်ကို အဝမ္မပိုင်းပစ်လိုက်ပုံမျိုး
အားလုံးကိုအနိုင်ပိုင်းလိုက်တဲ့ပုံနဲ့ သူဟာ
မီးခိုးမျှင်လေးပေါ့
ကြမ်းပေါ် ကြွေသွားလိုက်တာမှတကယ်ဖွဖွလေး
တကယ်လှလှလေး
သူလဲကျသွားတယ်။ ။

၅၊ ဖေဖော်ဝါရီလ၊ ၂၀၀၄

mgyoe.com

mgyoe.com

## ပြန်လာသူ

သူ့ကို သေချာထုပ်ပိုးပြီး
လက်ဆောင်ပစ္စည်းတစ်ခုလို ပြန်ပို့လိုက်ကြတယ်။

အထုပ်ကို ဖြေလိုက်တော့
မြင်သူအားလုံး လန့်သွားကြတယ်
သူ့တစ်ကိုယ်လုံး ချုပ်ရိုးတွေနဲ့။

ဘာဖြစ်ခဲ့တာလဲ
ကရုဏာနဲ့ မေးသူမေး
သူ့နှုတ်ခမ်းတွေပါ
ဘယ်လို လက်လွန်ချုပ်မိသွားလဲမသိဘူး။

သူ့မျက်လုံးတွေထဲမှာ
မျက်ရည်တွေဝဲလို့---
သူ့မှတ်ဉာဏ်ရဲ့ ချုပ်ရိုးတွေထဲမှာ
မှောင်မိုက်ညပဲ။

သူ့ကို ထုပ်ပိုးခဲ့တဲ့
အရောင်တောက်တောက်
အဆင်လှလှ
ကိုင်လိုက်ရင် ကြွပ်ကြွပ်မြည်တဲ့
ထပ်ပိုးစက္ကူကိုသာ ငေးစိုက်လို့။ ။

၂၁၊ ဧပြီ၊ ၂၀၀၃

mgyoe.com

## ငါဟာတိတ်ဆိတ်မှု

မင်းတို့ရဲ့ ဆူညံသံတွေ ခေါက်သွားတာ
ငါ အေးတိအေးစက် ကြည့်နေတယ်
အပျက်အယွင်းတွေ ပစ်စလက်ခတ်ကြသွားတဲ့
ဟောဒီ ချောက်ကမ်းပါးထိပ်မှာလေ
မင်းတို့ရဲ့ သံမဏိတွေ နေရောင်ထဲ တဝင်းဝင်း
ပေပေါ်က ရှဲခနဲ ရှဲခနဲ စင်ထွက်တဲ့ မီးပွားတွေ
စာသားတွေ၊ ကုဏ္ဍားတွေ၊ ဇရာမ ဒဏ္ဍာရီတွေ
ကန္တာရထဲက မြွေတစ်ကောင်လို
ဝမ်းဗိုက်ကို ဝက်သိုးချုပ်သွားတာ
ခွာသံတွေ၊ ရောဂါဘယတွေ၊ ရာဂတွေ
အံ့မခန်းအောင်မြင်မှု စာစုတွေ။

မင်းတို့ လိုရာမရတော့
မင်းတို့ ဖျက်ဆီးသွားကြတယ်
စကားလုံးအပိုင်းအစတွေ
ဝဏ္ဏအကျိုးအကြေတွေ
တွန့်လိမ် ခြောက်ကပ်နေတဲ့
ဗျည်းအရိုးစ သရကွက်တွေ။

mgyoe.com

ကိုင်လိုက်ရင် မင်းတို့လက်တွေ
ရှဲခနဲ လောင်ကျွမ်းသွားတာ
ငါဟာ တိတ်ဆိတ်မှု
မင်းတို့ရဲ့ နှလုံးသားတွေထဲ စိုက်ဝင်နေတဲ့
အဆိပ်လူးစူးချွန် ငါ့ဆက်သားတွေ
မမြင်ရတဲ့ အရိပ်အေးခဲတိုင်းဟာ
ငါ့ဘာသာစကား
ငါဒီမှာ အမြဲရှိတယ်
အုံနဲ့ကျင်းနဲ့ မင်းတို့လာလာ ရှာနေပါ
ငါဟာ တိတ်ဆိတ်မှု။ ။

mgyoe.com

mgyoe.com

## ငါးမန်းတစ်ကောင်မွေးဖွားခြင်း

ငါးမန်းတစ်ကောင် မွေးဖွားခြင်းဟာ ထူးဆန်းတယ်။
ကဗျာတစ်ပုဒ်ပဲ။ နှိုင်းယှဉ်စရာအခြား
ဘာမှမရှိ။
ငါးမန်းငယ်လေးတစ်ကောင်၊ ရေထဲကူးနေတဲ့
လူသားတစ်ယောက်၊ ရေထဲလှုပ်ခတ်နေတဲ့
တိတ်ဆိတ်တဲ့ လှိုင်းခတ်သံတွေ၊ ပိုးသား
ဓားထက်ထက်နဲ့ ဖြတ်ရာမပေါ်
ဖြတ်လိုက်တယ်၊ ပထမဆုံးအကြိမ်ပဲ
ဆွဲ၊ ကိုက်၊ ဖြတ်ပစ်လိုက်တယ်။
မဖွေရှာဘဲ တွေ့ရှိခဲ့တယ်
အသွေးအသားဟာ သိခြင်းလား။
သွေးရဲ့ ဥပဒေသ၊ အခြား
ငါးမန်းအချင်းချင်း ငါးမန်းမှန်းသိကြ
သူ့ဆုံးရှုံးမှုကို သူတို့သိကြ။

mgyoe.com

mgyoe.com

၄

မင်နီတွေ ရေထဲအပြုပ်ထ။
ကိုက်ဖြတ်ခဲ့တာ ရေမျောအလောင်း
အသက်ဟောင်းတစ်ခု
သမိုင်းဟောင်းသွေးအိတ်။
မူလအမှား ပင်လယ်ကြမ်းပြင်
သူတဖြည်းဖြည်းဝပ်ချ။
ရေအောက်လှိုင်းတွေ သူ့ကို ပွတ်သပ်စီးဆင်းသွားကြ။
သူ့ရဲ့အတောမသတ်နိုင်သေးတဲ့ လေရှူအိတ်တွေ
ကြမ်းပြင် သဲမှုန်တွေ တဖွားဖွားထ။ ။

ဩဂုတ်လ၊ ၂၀၀၂

mgyoe.com

mgyoe.com

## ပျော်ပျော်နေ ရွှေခဲဆိကစာ

အစ်ကို၊ ကျွန်တော်စာရေးလိုက်ပါတယ်
ကျွန်တော်လည်း ထုံးစံအတိုင်း ဗလာမဲပါပဲ
ကိုယ့်ဆန်ကောထဲ ကိုယ်ပြာရင်း ဆန်ခါပေါက်တွေက
ကျပြီးရင်းကျနေတဲ့ အကျိုးအကြောင်းနေ့ရက်တွေပါပဲ
လိပ်စာမရှိတဲ့ ပြန်လမ်းကို မတွေးတော့ပါဘူး
အလျားကိုထားလိုက်ပါတော့ ဖြက်ကိုပဲ ဆွဲဆန့်နေရတာ
ပြိုးပြိုးပြက်ပြက်လင်းသွားတဲ့ အခိုက်မှာ မြင်လိုက်ရတာ
အမှောင်ကျနေတဲ့ ပဆစ်ဒူးတုတ် ကိုယ့်အတ္တဘောကြီးပါ အစ်ကိုရေ့။

အလုပ်ကတော့ အဆင်ပြေပါတယ်
ကိုမာဖြစ်နေတဲ့ စက်ရုံရဲ့ မိလ္လာသန့်ရှင်းရေးပေါ့
သူဌေးရဲ့လှေကားထစ်ချောင်ကွယ်လေးမှာ ကံအားလျော်စွာ
ကျွန်တော်ညစောင့်လည်းလုပ်တယ်
မုန်တိုင်းယာယီရပ်စဲချိန်မှာ အပြင်ထွက်ခွင့်ရပါတယ်
လူစဉ်မမီတောက်တောက်ပြောင်ပြောင်တွေကြား
အယားပြေနှုတ်သီးထိုးခွင့်ရသလိုပေါ့
ဒီမှာဘာတစ်ခုမှ ကိုယ်ပိုင်ရပ်တည်တာမရှိဘူး

mgyoe.com

mgyoe.com


မိုးလင်းပေါက်အရက်ဆိုင်လို
အပြိုင်ထိုးအန်နေကြတာ တစ်ရယ်သံပဲ
ကျွန်တော် နည်းနည်းသောက်တတ်လာပြီဗျ
ရေမရောတဲ့ ဟာသခါးခါး ဝမ်းပက်တူးပက်။

ကောင်မလေးလည်းရှိနေပြီ
တစ်ခါတစ်ခါတွေ့ခွင့်ရတယ်
လက်ချိတ်ပြီးတွဲလျှောက်ရတာထက်
တစ်ယောက်ကျောက တစ်ယောက်အရှိုးရာတွေ
မဝံ့မရဲ ထိတွေ့ရတာ အရသာလို့ခေါ်မလား
စကားတွေလည်း ဘယ်လိုကုန်သွားသလဲ မသိတော့ပါဘူး
သူနင်နေတာကို ကိုယ်မျိုချလို့မှ မရတာ
သူ့ရယ်မောသံလေးကို ကျွန်တော်နမ်းဖူးတယ်သိလား
ကျွန်တော့်နှုတ်ခမ်းတွေ ရှဲခနဲ ကျက်သွားတယ်
အဲဒါအချစ်လို့ ခေါ်မလား။ ရယ်ရတယ်နော်။

အရူးဦးချင်တဲ့စိတ်ကို တားထားရတာ အခက်ဆုံးပဲ
ဒီမှာက ၂၄ နာရီလုံးလုံး မီးတွေထိန်လင်းနေတာပဲ
ပိတ်လို့လည်းမရဘူး၊ ခလုတ်တွေလည်းမရှိဘူး
ပူပင်စရာလည်းဘာမှမရှိဘူး။ လိုက်လျောညီထွေနေတတ်ရင်
သေတွင်းဟာလည်း ဖိုက်စတားဟိုတယ်ပဲလို့ ဆိုထားတယ်။
ကျန်းမာတာကလွဲလို့ ကျန်တာဟာ ဈေးကွက်ထဲက အဖိုးအခပဲ
အစ်ကိုလည်း ကျန်းမာပါစေ။ ကဗျာတွေရေးရင် ပို့ပေးပါ။

ရွှေခဲ။

မြို့တီမဂ္ဂဇင်း
mgyoe.com

## နွေရာသီရဲ့ရာသီဦးငါးပွင့်

(တစ်)
ရွက်သစ်နုဖတ် တလှပ်လှပ် ရင်ထဲခါနေတာ
တစ်ကိုယ်လုံးထဲ ဗွီးခနဲ ဝှင်းခနဲ
မြို့တစ်မြို့စာ လျှပ်စစ်ဓာတ်တွေ
ခြစ်ခြစ်မြည် စီးတောက်နေတာ
သစ်ရွက်တွေ
ခြွေချသလို
အပြုံးတွေ. . .
(နှစ်)
လမ်းမကြီးမှာ နေရောင်
တံ့ခနဲ
ရပ်
အလင်းခန်းဆီးစကို
အ သာ အ ယာ
ဖယ်ပြီး
နွေဦးရဲ့ လည်ချောင်းထဲ
မဖြစ်နိုင် ခြေချိတ်ပြီးသားနှစ်ယောက်
ဝင်ရောက်သွားကြတာရှိတယ်
နွေဦးဟာ ငါတို့ကို တွန်လိုက်တဲ့ ဘာသာစကား
သရသံစစ်စစ်တွေနဲ့ လည်ချောင်းထဲစီးတဲ့
ဥဩ ဥဩ
သံချိုသွေး သံချိုသွေးပေ့ါ၊

mgyoe.com

(သုံး)
ဘာကြိုတင်ပြင်ဆင်မှု
ဘာအဆိုအမိန့် ပေါင်းချုပ်မှုမရှိတဲ့
ရိုးရိုးစင်းစင်း အတွင်းကြေပါ
ဘဝရဲ့ လျှို့ဝှက်ချက်တစ်ခုကို
ဖွင့်ဖြစ်အောင် ဖွင့်ဖြစ်လိုက်ကြတဲ့
သော့တံပါ
'အချစ်'လို့လည်း တချို့ပဲပေါ့
လွယ်လွယ်ကူကူ ကူးလူးခဲ့ကြ
တို့နှစ်ယောက်သားမှာ လုံခြုံစရာစကား
မလို / မရှိ
တော့။

(လေး)
ပထမဦးဆုံး မိုးကလေးတွေရွာချ
ပျော့ပျော့လေးယောင်ယောင် ခွဲခွာကြရခြင်း
မြေသင်းနံ့ထဲမှာ
ကျကျန်လို့ ကျန်ခဲ့မှန်းမသိခဲ့
အမှတ်တရလေးတချို့
ဖန်သားမှန်သားစလို
ပြန်အကောက်မှာ ဘဝကိုယ်စီ
ရှခဲ့ကြရတယ်။

mgyoe.com

(ငါး)
တိမ်းစောင်းပြီးသား ထုံးစံအတိုင်း
ဒီအကြောင်းကို ပြောပြဖို့ နွေရောက်ပြီလား
ရေးချင်တာက (ဥပမာ)နေခြည်အကြောင်း
ရေးမိတာက စကားလုံးတွေ
ဒီထဲမှာ နေခြည်
ရှိသလား
ဒီထဲမှာ
နေခြည်ရှိ
သလား॥ ॥

mgyoe.com

mgyoe.com


## အသက်(၈၆)နှစ်၊ဦးလှိုင်ဝေ

ကိုယ့်အိမ်ကလေးကို တူတွေ တူမတွေ
နေကြတော့လို့ ပေးလိုက်တယ်လေ၊ အခု မြောက်ဥက္ကလာ
ဘုန်းကြီးကျောင်းတစ်ကျောင်းမှာနေတယ်
ကပ်နေတာ မဟုတ်ပါဘူး၊ တစ်ခါက ဘုန်းကြီးနဲ့
တစ်ညလုံး တရားအကြောင်း ဆွေးနွေးရင်းနဲ့ပေါ့
ဘုန်းကြီးကပြောတယ် မပြန်နဲ့တော့တဲ့
တရားခန်းတွေ လွတ်နေတယ်တဲ့
လူမနေရင် ခြတက်တယ်တဲ့
ဘုရားတရားအလုပ်လုပ်ရင်း ဒီမှာပဲနေပါတော့ဆိုလို့
ကိုယ့်ထမင်း ကိုယ်ဟင်းလေး ချက်စားတာကို
တူတွေ တူမတွေက ကဲ့ရဲ့လို့
ဒီ(၈၆)နှစ် အရွယ်ကြီးမှာ ကိုယ့်ထမင်း ကိုယ့်ဟင်း
ချက်စားနေရသေးတယ်ဆိုတော့
သူတို့ အကဲ့ရဲ့ခံကြရမှာပေါ့တဲ့
ဟဲ့ . . . ကိုယ့်အရုပ် ကိုယ်သယ်နိုင်တုန်း
သူများကို ဒုက္ခမပေးချင်ဘူး
ဘုန်းကြီးတောင် ဆွမ်းလှူနိုင်သေးမဟုတ်လား

mgyoe.com

အမယ် . . . ဘုန်းကြီးက လူတိုင်းယုံတာမဟုတ်ဘူး
တစ်ခါက ဓားပြတိုက်ခံရလို့ ရှိစုမဲ့စုလေး ပါသွားတယ်
ကိုယ့်တော့ သူဂရုစိုက်သား၊ ကျန်းမာရေး ခဏခဏ
လာမေးတယ်၊ ဌာနမျိုးစေ့အလျောက်
ကုသိုလ်လည်း ကောင်းလို့ပေါ့လေ
အခုလို အခြေတည်မိရဲ့သား. . .
ကားလေးတစ်စီးရှိရင် ခြေပေါက်တာပေါ့
တရားလေးမပြီးရင်တော့ ဘယ်ရောက်လို့
ဘယ်ပေါက်မလဲ
ကိုယ့်အရုပ်ကိုယ်အသာချနိုင်မှပဲ
ကိုယ့်ကိစ္စဆိုတာ ပြီးတာမဟုတ်လား။ ။

၂၉၊ ဒီဇင်ဘာ၊ ၂၀၀၄

mgyoe.com

mgyoe.com


## ရောင်စုံပလတ်စတစ်ခွေးခြေကလေးတွေနဲ့သူ

မိခင်မေတ္တာဖော်ကျူးဖို့
ပလတ်စတစ်ခွေးခြေတွေသူထပ်တယ်
နီ . . . ဝါ . . . ပြာ . . . စိမ်း . . . ပလတ်စတစ်ခွေးခြေတွေ
တစ်ထပ်ပြီး
နောက်တစ်ထပ်
ပြီး . . . နောက်တစ်ရောင်တစ်ထပ်
သူ့ တစ်ရပ်စာ (၄၆ နှစ်) သူထပ်တယ်။

သူ့တစ်ရပ်စာပလတ်စတစ်ခွေးခြေတွေ
တစ်ထပ်. . . ပြီး . . . တစ်ထပ်
သူပြန်ဖြုတ်တယ်
နောက်ဆုံးခွေးခြေ (အနီရောင်လေး)ပေါ်မှာ
သူကျေကျေနပ်နပ်ကြီး ထိုင်လိုက်တယ်
ဆေးလိပ်တစ်လိပ်ကို မြိန်ရေရှက်ရေဖွာလိုက်တယ်

mgyoe.com

သူ့ပတ်ပတ်လည်မှာ
ရောင်စုံခွေးခြေလေးတွေ သူတို့ခြေပေါ် သူတို့ရပ်လို့
မိခင်မေတ္တာ သူဖော်ကျူးတယ်။

ပြီး . . . သူထထွက်သွားတယ်
ခွေးခြေတွေဟာ သူ့နောက်ကို
တန်းစီလိုက်သွားကြတယ်
သူထိုင်သွားတဲ့ အနီရောင် ခွေးခြေလေးဟာ
နောက်ကနေ အပြေးကလေးလိုက်လို့။ ။

ဖြူတီမဂ္ဂဇင်း၊ ၂၀၀၄

mgyoe.com